၁-.၃၀

၂၅·ပြား

# စာဆို ဦးပုည

မောင်ဖြိုးရေးသည်



ပါရမီထူး၍ ဘုရင်၏
မြှောက်စားခြင်းခံရသော စာဆို

# စာဆိုဦးပုည

မောင်ဖြိုး ရေးသည်။

ရွှေနန်းတော်မှ ဘေးမဲ့ပေးပါလျက်
ရေတိမ်နစ်ရသည့် ဦးပုည

ပန်းချီသရုပ်ဖော် - ဦးအုန်းမောင်

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲ စာစဉ်

ဟေသာ ယုမွန်



အချိန်မှာ မွန်းတည့်ခန့်ရှိပြီ။

ရတနာပုံ နေပြည်တော် လေးရပ်လေးပြင်၌ လူသွားလူလာ အတော် ကင်းရှင်းနေသည်။

ထိုအခိုက်"နန်းမြေဘုံသာ" စံနန်းတော်ဆီမှ "ကယ်တော်မူပါ ဘုရား၊ ကယ်တော်မူပါဘုရား" ဟူသော အသံများမှာ ရုတ်တရက် ထွက်ပေါ်လာ၏။ ထိုအသံကို ကြားရသူ အပေါင်းသည် ထိတ်လန့် တကြားဖြစ်လျက် ပုန်းသူပုန်းကြ၏။ ပြေးသူပြေးကြ၏။

ခါးလွတ်ကိုင် လူတစုသည် စံနန်းတော်ဆီသို့ ရှေးရှုပြေးလာ ကြသည်။ အချို့လည်း နန်းတော်တွင်းသို့ အတင်းတိုးဝင်ကြ၏။

နန်းတော်၌ မင်းတုန်းဘုရင်ကြီး စံနေတော်မူသည်။

နန်းတော်စောင့် စစ်သားများမှာ ပဌမသော် ရုတ်တရက် ဖြစ်၍ အချို့ ရန်သူ၏ဓါးချက်ဖြင့် ကျဆုံးရှာ၏။

ရန်သူများကို မင်းညီမင်းသား ဝတ်စားတန်ဆာဝတ်ဆင်ထား သူ ၂ ဦးက ခေါင်းဆောင်၏။ ထိုသူ ၂ ဦးမှာ မြင်းကွန်းမင်းသား နှင့် မြင်းခုံတိုင်မင်းသားတို့ ဖြစ်ကြသည်။ မင်းတုန်းမင်းတရားကြီး ၏ သားတော်များ ဖြစ်ကြ၏။



စံနန်းတော်တွင်း၌ ရန်သူများလက်ချက်ကြောင့် ကျဆုံးသူ အတော် များသည်။ မင်းတုန်း ဘုရင်၏ ညီတော် ကနောင် မင်းသားကြီးလည်း ကျဆုံးရှာ၏။

သူပုန်မှန်းသိလျှင် စစ်သည်တော်တို့သည် အလျော့ မပေးချေ။ ရန်သူတို့ကို သတ္တိ ရှိရှိနှင့် ခုခံကြ၏။ အချိန်ကြာသော် ရန်သူတို့ အရေးနိမ့်သွားသည်။

ဘုရင်မင်းတရားကြီးမှာ မည်သည့်ဘေးရန်မှ မခံရဘဲ လွတ်မြောက်သည်။

အချို့သူပုန်များကို ၂ ရက် ၃ ရက် အတွင်း ဖမ်းမိလိုက်၏။ ခေါင်းဆောင်မင်းသား ၂ ဦးမှာ ထွက်ပြေးသဖြင့် လွတ်၍ သွားကြသည်။

ဖမ်းမိသော သူပုန်များကို အရှေ့ရာဇဝတ်ရုံးတော်မှ ခေါ်ယူစစ်ဆေး၏။

"မင်းတို့ ပုန်ကန်ရာမှာ အခါပေးအကြံပေးလုပ်သူ နာမည်ကို ပြော" ဟု စစ်မေးသော အခါ –

"မှန်ပါ – ဆရာကြီး ဦးပုညဖြစ်ကြောင်းပါ" ဟု သူပုန်တို့က လျှောက်တင်လေသည်။



နောက်တနေ့ ညီလာခံတွင် ဦးပုည အမည်ရှိသော ပုဂ္ဂိုလ်ကို မင်းတုန်းမင်းတရားကြီး ရှေ့တော်မှောက်သို့ သွင်းကြရ၏။

ထိုသူမှာ အရပ်မနိမ့်မမြင့်နှင့် အသားလတ်လတ်ရှိသည်။ဝတ်၍ ထားသော တောင်ရှည် မဲပုဆိုး အစကို လက်ျာဖက် ပခုံးပေါ်၌ တင်၍ထားသည်။ ခေါင်းပေါင်း အုပ်ပေါင်းပေါင်းထား၏။

ညီလာခံရှိ မင်းညီမင်းသားနှင့် မှူးမတ်အချို့သည် ဦးပုညကို ဒေါသဖြစ်ဟန်နှင့် ကြည့်နေကြ၏။ အချို့ကမူကား သနားဟန်နှင့် ကြည့်ကြသည်။ ဦးပုညသည် ဘုရင့် ရှေ့တော်၌ ပုဆစ်ဒူးတုပ်လျက် ဦးနှိမ်ခစားနေ၏။

မင်းတုန်းမင်းတရားကြီးသည် ဦးပုညကို စိမ်းစိမ်းရှုစားကာ –

“မောင်ပုည၊ တယ်မိုက်ပါကလား။ ဘယ်အတွက် သားတော်များကို ပုန်ကန်ဖို့ အခါပေးရသလဲမောင်မင်း” ဟု မေးတော်မူ၏။

“မှန်လှပါ။ကျွန်တော်မျိုးမှာ သားတော်များ၏ ဓားအောက်သို့ ရောက်နေသဖြင့် အသက်ဘေးကြောင့် အခါပေးရကြောင်းပါဘုရား” ဟု ဦးပုညက မကွယ်မထောင့် လျှောက်တင်လေသည်။



ဘုရင်မင်းမြတ်သည် စိတ် မချမ်းမြေ့သော အမူအရာဖြင့် ဦးပုညကို စူးစိုက် ရှုစားပြီးနောက် –

"အင်း – ငါကိုယ်တော်မြတ် မြှောက်စားထားပါလျက်နှင့် ဒီလို ကြံစည်တာဟာ အင်မတန် မိုက်တာဘဲ မောင်မင်း။ ခွင့်လွှတ်ဖို့ အတော်ခဲယဉ်းတယ်"

"မှန်လှပါ၊ ထားတော်မူရင်လဲ နေရမှာပါ၊ သတ်တော်မူရင်လဲ သေရမှာပါဘုရား" ဟု ဦးပုညက တုန်ရည်စွာ လျှောက်တင်၏။

မင်းကြီးသည် အတန်ကြာ စဉ်းစားနေသည်။ နန်းတော်တခုလုံးတွင် အပ်ကျသည်ကိုပင် ကြားရလောက်အောင် ငြိမ်ဆိမ်နေ၏။ အတန်ကြာမှ –

"ဟဲ့ – မောင်သာအိုး မရှိဘူးလား" ဟု မိန့်တော်မူ၏။

"မှန်လှပါ ခစားလျက် ရှိကြောင်းပါဘုရား" ဟု အနီးမှ အရာရှိတဦးက သံတော်ဦး တင်သည်။

"ကဲ မောင်သာအိုး၊ မောင်ပုညကို မောင်မင့်အိမ်မှာ အကျယ်ချုပ်ထားလိုက်။ နောက်မှ အမိန့်ချမှတ်တော်မူမည်" ဟု မိန့်လျက် အတွင်းတော်သို့ ဝင်တော်မူသည်။



မြို့ဝန် ဦးသာအိုး၏ အိမ်ဝင်းကြီးမှာ အလွန် ကျယ်သည်။ ဝင်းထည်းရှိ အိမ်ငယ်တလုံးတွင် ဦးပုညကို ဦးသာအိုးက အကျယ်ချုပ် ချထားလေသည်။

တနေ့သော ညနေစောင်း ဖြစ်၏။ ဦးပုညနေသော အိမ်ပေါ်ထပ်မှ အောက်ပါ တေးထပ်သံကလေးကို သဲ့သဲ့ကြားရသည်။

"စကားကြောင့် တရားကွယ်၊အလားဝယ် ကုန်ခန်းလို့၊ ဘုံနန်းမြင့် အဆောင်ဆောင်၊ ကင်းရလေအောင်၊ မင်းဆိုသမျှ ကွင်းရှောင်မယ်၊ ထမင်းတောင် စားချင်ဘူးလေး...."

ထိုအခိုက် အိမ်ပေါ်သို့ ရုပ်ရည်ချောမောသော မိန်းမငယ်တဦး တက်လာသည်။

"ဆရာကြီးရဲ့ အသံဟာ သိပ်သာယာပါကလား" ဟု မိန်းမငယ်က အပြင်မှ လှမ်း၍ ပြော၏။

"အော် – ဝန်ကတော် လေးပါကလား၊ ကျုပ်လဲ ကျုပ် အကြောင်းကို တွေးမိလို့ တေးကလေး တပုဒ်ရေးစမ်းပြီး ညည်းနေတာပါ" ဟု ဦးပုညက ပြန်ပြောသည်။

"ဆရာကြီး—ကျွန်မတို့လဲ တေးထပ်ကလေး တပုဒ်လောက်ရေးပေးပါလား၊ ဆရာကြီး စကားလုံး ကလေးတွေက သိပ်ထိတာဘဲ" ဟု မိန်းမငယ်က ဆိုသည်။



နောက်တနေ့ နံနက်စာ စားပြီးချိန်လောက်တွင် ဦးပုညသည် အိမ်ဦးခန်း၌ထိုင်၍ ပုရပိုက်တွင် စာရေးနေသည်။ ကန့်ကူဆံကို လက်ဝဲလက်ဖြင့်ကိုင်၍ ရေးသည်။ အသေအချာ ကြည့်လိုက်ပါမူ ဦးပုည၏လကျ်ာလက်မှာ လက်မောင်းရင်းကစ၍ သိမ်၍ နေသည် ကိုမြင်ရပေမည်။ ထို့ကြောင့် လကျ်ာပခုံးတွင် ပုဆိုးစတခုကို အမြဲ တင်ထားခြင်း ဖြစ်သည်။ ဦးပုညသည် မိမိ၏ မသန်သော လက်ကို လူမြင်မည် အလွန်စိုးရိမ်ရှာ၏။

ထိုအချိန်တွင် မိန်းမငယ် တဦး တက်လာပြန်သည်။

"ဆရာကြီးရယ်။ ကျွန်မ စိတ်လက်မကောင်းလို့ ဇာတာက လေးစစ်ပေးစမ်းပါ" ဟု ဆို၏။

ဦးပုညသည် ပုရပိုက်ကို ချထားပြီးလျှင် မိန်းမငယ်၏ ဇာတာ ကို ကြည့်ပေးရပြန်သည်။

ထိုမိန်းမငယ်မှာလည်း ဦးသာအိုး၏ ဇနီးငယ်တဦးပင် ဖြစ် လေသည်။



"ကိုယ်တိုင် သွားကြည့် နိုင်ပါတယ် မောင်မောင်။ ကျွန်မတို့ ပြောတာကို ယုံချင်မှ ယုံပါ" ဟု အရွယ်ခပ်လတ်လတ် မိန်းမတဦး က ပြောနေသည်။

မြို့ဝန် ဦးသာအိုးသည် ကွမ်းသီးကို ကွမ်းညှပ်ဖြင့် ညှပ်ရင်း စဉ်းစားနေ၏။

"ဆရာကြီးဆီမှာ ကွမ်း ဆေး လက်ဖက် ပေါများပါဘိ သနဲ့ မောင်မောင်ရဲ့။ တခြားက ရတာ ဟုတ်ပါရိုးလား၊ ဒီအိမ်က မမ တို့က သွားပို့ ကြတာပေါ့။ ဆရာကြီး ဦးပုညဆိုယင် သူတို့ အလွန် ကြည်ညိုကြတာကလား" ဟု ထိုမိန်းမက ဆက်၍ ပြောသည်။

ဦးသာအိုးမှာ မျက်နှာများ နီမြန်းလာအောင် ဒေါသ ဖြစ် လာသည်။

မိမိမျက်ကွယ်၌ ဆရာကြီး ဦးပုညသည် မိမိဇနီးငယ်များနှင့် ရှုပ်နေသည်ဟု ထင်မြင်သည်။ ထိုကြောင့် ဦးပုညကို အဆုံးစီရင် ရန် ကြံစည်သည်။



လဆုတ်ရက် ဖြစ်သဖြင့် ညဥ့်မှာ အလွန်မှောင်နေသည်။ မြို့ဝန် ဦးသာအိုး၏ ဝင်းထည်းရှိ မန်ကျည်းပင်အောက်၌ လူလေးငါးဦး တီးတိုးစကား ပြောနေကြ၏။

"ဟေ့ – စိတ်ချရစေနော်၊ ဝန်မင်းက တခါထဲ ကိစ္စပြီးရမယ်တဲ့ ကြားလား "ဟု တယောက်က ဆိုသည်။

"စိတ်သာချပါ။ ကျွန်တော်တို့ လုပ်နေကျ အလုပ်ပါ" ဟု ခါးတောင်းကျိုက်နှင့် လူတယောက်က ပြန်ပြောသည်။

"အေး – ကောင်းပြီ။ ကဲသွားကြတော့" ဟု ပဌမလူက အမိန့်ပေးလိုက်၏။ ထိုသူများသည် ဦးပုညနေသော အိမ်ကလေးဖက်သို့ ထွက်သွားကြသည်။

ထမင်းအိုး တလုံးချက်ခန့် ကြာသော် ထိုသူများသည် ဦးပုည အိမ်ပေါ်မှ ဆင်းလာကြသည်။ လူတယောက်ကိုလည်း လက်ပြန် ကြိုးတုပ်၍ ခေါ်လာ၏။ ကြိုးတုပ်ထားခံရသူမှာ ဦးပုညဖြစ်လေသည်။



လေး ငါးလခန့် ကြာမြင့် သွားလေပြီ။

တနေ့သော နံနက်တွင် နန်းတော်ကြီး၌ ညီလာခံ ကျင်းပနေ၏။ မှူးကြီးမတ်ကြီးများ အတော်များများ ခစား နေကြသည်။

"ဘယ့်နှယ် ပုခန်းမင်းကြီး၊ မောင်ပုညကို လွှတ်ဖို့ အမိန့်ပေးထားဒါလွှတ်ပြီးပြီလား" ဟု မင်းတုန်းမင်းတရားက မေးတော်မူသည်။

ခပ်လှမ်းလှမ်း၌ ခစားနေသော ပုခန်းမင်းကြီးသည် အတန်ကြာ ငြိမ်သက်နေပြီးမှ–

"မှန်လှပါ–ဆရာကြီး ဦးပုညမရှိတော့ပါ၊ လက်လွန်ပြီ ဖြစ်ကြောင်းပါ ဘုရား" ဟု လျှောက်တင်လေသည်။

"ဟင်–ဘယ်သူ့ အမိန့်နဲ့ သတ်ထာလဲ မောင်မင်း။ အခု မောင်သာအိုး ဘယ်မှာလဲ"

"မှန်လှပါ–အမိန့်တော်နှင့် ထားပြဖမ်းရန် ခရီးထွက်နေကြောင်းပါဘုရား"

"ရိုင်းလိုက်လေပောင်ပင်း၊ မောင်ပုညကို ငါကိုယ်တော်မြတ်နဲ့ နတ်ရွာစံ ညီညီတို့က ဘေးမဲ့ပေးထားတာဘဲ။အခု သာအိုးကသတ်ထာဟာ လူကို ခွေးသတ်တာနဲ့ အတူတူဘဲ မောင်မင်း" ဟု ဘုရင်မင်းမြတ်က မိန့်တော်မူပြီးနောက် အတွင်းတော်သို့ ဝင်လေ၏။




ထိုနေ့ ညနေတွင် မြို့တော်တောင်မျက်နှာရှိ ဝန်ကြီး တဦး၏ အိမ်ဦးဝန်ကြီး ၂ ပါး လက်ဖက်ရည် ကြမ်းဝိုင်းတွင် စကားပြော ဆိုနေသည်ကို တွေ့ရသည်။

"ဖြစ်ရလေဝန်မင်းရယ်။ ဦးပုညကို သနားပါတယ်။ တော်တော် ဥာဏ်ထက်မြက်တဲ့ ပုဂ္ဂိုလ်ခင်ဗျ။ စာပေပရိယတ်မှာတော့ အတော် ထူးချွန်ပါတယ်" ဟု ဝန်ကြီးတဦးက ပြောသည်။

"ဟာ – တော်ပါပြီလားခင်ဗျာ။ အင်္ဂရတ်ကျမ်း၊ ဆေးကျမ်း၊ ဗေဒင်ကျမ်း အစုံကျေတဲ့ လူပါဘဲ။ ကဗျာလင်္ကာဆိုလဲ ပြိုင်ဖက် ရှားသလောက်ပါဘဲ။ ပိဋကတ်ဖက်မှာလဲ အတော်နှံ့စပ်တယ် ခင်ဗျ"

"ဒါထက် ဆရာကြီးဟာ စလေသား ဇာတိဘဲနော်"

"အင်း – ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ သူ့မိဖတွေက စလေ မျိုးတွေပေါ့။ ကျုပ်တို့ မင်းတရားကြီးရဲ့ ခမည်းတော် အိမ်နိမ့် စံနေစဉ်ကတဲက သူ့မိဖများက အိမ်တော်မှာ ခစားဘူးကြတာ ကလား"



"အော် – အော် – ဒါဖြင့်ယင် ဆရာကြီးဟာ မွေးကထဲက မင်းခစား ဖြစ်နေဒါပေါ့နော်" ဟု ပဋ္ဌမဝန်ကြီးက မေးပြန်၏။

"ဒီလိုလဲ မဟုတ်သေးဘူး၊ ဗန်းမော် ဆရာတော်ဆီမှာ ပညာသင်နေတုန်း ဆရာတော်က မင်းခစားလုပ်ယင် မင်းဘေးသင့်ဘို့ မြင်တယ်ဆိုလို့ သင်္ကန်းဝတ်နေသတဲ့ဗျ။ သင်္ကန်းဝတ်နဲ့ တုန်းကလဲ ပိဋကတ်၊ ဗေဒင်၊ ကဗျာလင်္ကာတို့မှာ အကျော်ပေါ့။ ကျုပ်တို့ မင်းတရားကြီး အဂ္ဂိရတ်ထိုးတုန်းက မြို့ဝန် ဦးသာအိုးဘဲ ဗန်းမော် တိုက်က ရှင်ပုညကို ပင့်လာခဲ့သတဲ့ဗျ။ အဲဒီနောက် လူထွက်ပြီး နတ်ရွာစံ အိမ်ရှေ့ကိုယ်တော်ကြီးထံ ခစားနေခဲ့တာဘဲ"

"အော် – ဒါဖြင့် သူ့ခမြာ အခု အကြံရက်စက်တဲ့ သားတော် ၂ ပါးနဲ့ လူပေါင်းမှားလို့ ဒုက္ခရောက်ရဒါပေါ့"

"ဒီလိုလဲမဟုတ်သေးဘူးပေါ့ ခင်ဗျာ။ ကျုပ်တို့ချည်းမို့ ပြောရဦးမယ်။ မင်းသား ၂ ပါးဝါးကလဲ အတော်ထက်တော့ ကြောက်ကြောက်နဲ့ အခါပေးမိရှာတာ ထင်ပါရဲ့"



"အင်း – ဒါပေမဲ့မင်းတရားကြီးကတော့ ဘေးမဲ့ပေးထားတယ်လို့ မိန့်တော်မူသွားပါကလားဗျ"

"ဟုတ်ပါတယ်။ မင်းတရားကြီးရောအိမ်ရှေ့မင်းကရော ဦးပုညကို ဘေးမဲ့ ပေးပြီးပါ။ အခု သတ်ထာက မင်းမိန့်နဲ့ သတ်ထာမှ မဟုတ်ဘဲဗျာ။ သက်သက် ဦးသာအိုးက သူ့သဘောနဲ့သူ သတ်ထာပါ"

"အင်း – ဂုံးချော ကြဒါကိုး ခင်ဗျ။ မိန်းမတွေ ဆိုတော့လဲ အူအတိုသားကလား ခင်ဗျ။ မိန်းမ ပြောပါမျာတော့ ဦးသာအိုးက အထင်လွဲသွား ထင်ပါရဲ့။ သနားစရာဗျာ။ မင်းတရားကြီးက အတော် နှမြောပုံ ရသဗျ"

"နှမြောဒါပဗျာ။ ဦးပုညကို သဘောကျလို့ 'မင်းလှသခ်ယာ' ဘွဲ့တော်သနားပြီး ရွာစည်ရွာကို ပေးထားတာခင်ဗျ။ တော်ရုံလူဆိုယင် ဒီလို မြှောက်စားတာမှ မဟုတ်ဘဲ"

"မြှောက်စား ထိုက်ပါပေတယ်ဗျာ။ မြှောက်စား ထိုက်ပါတယ်။ ကျုပ်ဖြင့် ဦးပုညစာကို တွေ့တိုင်း ဖတ်မိသဗျ။ ကဲ – စကားတော့ ပြောကောင်းပါရဲ့၊ အချိန်က အတော်နှောင်းသွားပေါ့။ ခွင့်ပြုပေအုံးတော့ ဝန်မင်း" ဟု ပြောလျက် ဝန်ကြီးသည် ထ၍ ပြန်ခဲ့၏။



တနှစ်မျှ အချိန်ကုန်လွန် သွားပြန်၏။

ဆရာကြီး ဦးပုညအကြောင်းကို မေ့သူများ မေ့ကြပြီ။

ရွှေမြို့တော် ဂေါဝိန်ဆိပ်ကမ်းမှာ အထက်အောက် အစုန် အဆန် ကုန်ကူးနေသော လှေကြီးများဖြင့် စည်ကားလှ၏။ တနေ့သောအခါတွင်လှေဆိပ်၌ရှိသော မန်ကျည်းပင်ကြီး တပင်အောက်၌ ရွှေမြို့တော်သား ကုန်သည် ၂ ဦးတို့ စကားပြောနေကြသည်။

"ဒီမယ်ကိုရင်၊ အချင်းချင်းမို့ ပြောရအုံးမယ်၊ အောက်ပြည်က တက်လာတဲ့ ကုန်သည်တယောက်က ကျုပ်တို့ ဆရာကြီး ဦးပုညကို မော်လမြိုင်မှာ တွေ့ရတယ်လို့ သတင်းကြားသတဲ့ဗျ။ ကျုပ်ကို တိုးတိုး ပြောသွားတယ်"ဟု တဦးက ဆိုသည်။

နားထောင်နေသူမှာ အလွန် အံ့အားသင့်သွားပုံရ၏။

"အလို၊ ဝမ်းသာ လိုက်ပါဘိဗျာ။ ဘယ်ပုဂ္ဂိုလ်များက ပြောတာလဲဗျ"

"ကျုပ်မိတ်ဆွေရင်း ကုန်သည် တယောက်ပါဘဲ။ သို့ပေမင့် ဒီသတင်းကို အများကြားလို့ မသင့်ဘူးဗျ။ နှုတ်လုံစေဗျနော်"

"စိတ်ချပါကိုရင်။ကျုပ်တို့ကတော့ ဆရာကြီး ချမ်းသာတယ် ကြားရတာ ဝမ်းသာတာပါဘဲ"

ထိုအခိုက် လှေဆိပ်မှ လူအချို့ တက်လာသဖြင့် ကုန်သည် ၂ ဦးလည်း စကားစ ဖြတ်လိုက်ကြသည်။




ဆရာကြီးကို မြို့ဝန် ဦးသာအိုးက အသတ်ခိုင်းလိုက်ရာ မိတ်ဆွေများက လူသတ်သမားများကို ငွေပေးပြီး ကယ်သွားသည်ဟူသော သတင်းသည် ရွှေမြို့တော်၌ သိုးသိုးသန့်သန့် ထွက်ပေါ်လာသည်။

ဆရာကြီးကို ကြည်ညိုသူများကလည်း အင်္ဂလိပ်ပိုင် အောက်ပြည်မှ ကုန်သည်များလာလျှင် ဤသတင်း မှန် မမှန် စုံစမ်းထောက်လှမ်းကြသည်။

သို့သော် ဆရာကြီးကား ပေါ်၍မလာတော့ချေ။

ပုလဲလုံး ရွှဲလုံးများကဲ့သို့ လှပဆန်းကျယ်သော ဆရာကြီး၏ စာပေတို့ကိုလည်း ရွှေမြို့တော်သားများ မကြားရတော့ချေ။


ရေသည်ပြဇာတ်
ဦးပုည ဝတ္ထု
ပေါင်းချုပ်

စလေဆရာကြီးဦးပုညသည်စာပေအမြောက်အမြားရေးသား ခဲ့၏။ရေးသမျှစာတို့၌ အသွား အလာ အစီအကုံး အလွန်ကောင်း မွန်သည်။ ပညာရှိ ရှင်လူအပေါင်းတို့က ဦးပုည၏ စာများကို အမြဲမပြတ် ချီးမွမ်းရ၏။

ယခုခေတ်၌ ဦးပုည၏ စာများကို စာသင်သားတို့ သင်ကြား နေကြရသည်။ဦးပုညမေတ္တာစာ၊ ရေသည်ပြဇာတ်၊ဆဒ္ဒန်ဆင်မင်း ဝတ္ထုတို့ကို တပည့်များ သိကြ၏။

ဦးပုညသည် အလွန် ထင်ရှားသော မြန်မာ စာဆို ပညာရှိ ကြီး ဖြစ်သည်။

ဦးပုည၏စာများသည်အမြဲထင်ရှားလျက်နေမည်သာဖြစ်၏။

ပြည်သူ့လက်စွဲစာစဉ်မှ ထုတ်ပြီးစာအုပ်များ
အမြို့မြို့ ဆိုင်တိုင်းတွင် မေးဝယ်ပါ

## ၂၅ - မြားတန်

ခေါင်းဆောင်ဂန္ဓိ (မောင်ဖြိုး)
ထင်မိယောင်မှား (မောင်မြတ်လှ)
မျိုးဖျက်ရန်စွယ် (မောင်မြတ်လှ)
အားကိုးတခု (အောင်သူ)
တရွာသား (သာညွန့်)
ဒေါက်တာဆွန်ယက်ဆင် (သာညွန့်)
ထိုးဆေးတလုံး (ညွန့်ဦး)
နှစ်ရာသီ (ညွန့်ဦး)
လယ်တီဆရာတော် (အောင်သူ)
စစ်သူကြီးမဟာဗန္ဓုလ (အောင်သူ)
သာသနာ့ဒါယကာ နော်ရထာ (မျိုးသန့်)
လပ်ပေါ်ကိုးအုပ် (အောင်သူ)
မီး (မောင်ဖြိုး)
မဟာမုနိ (မျိုးသန့်)
ကံပေါ်သူ (မောင်ငွေရ)
ပညာတော်သင် (ညွန့်ဦး)
အချစ်နှင့်အနှစ် (သာညွန့်)
ရွှေမိုးငွေမိုး (မျိုးသန့်)
ဒဂုန်နေ့စဉ် (အောင်သူ)
မဂဒူး (ညွန့်ဦး)
အမြင့်သဘင် (မျိုးသန့်)
တပ်ကြပ်ကြီးမောင်ပွ (ညွန့်ဦး)

## မြား ၅၀ - တန်

ရောင်ခြည်ဦး (သိင်္ဂီ)
လိမ္မာပါပြီကွယ် (နုယဉ်)
တရပ်တမြေ (မျိုးသန့်)
ရင်သွေး (ရန်အောင်)
သတ္တိ (စောဦး)
နေပြိုင်သူရဲ (သခင်ဘသောင်း)
မေတ္တာနှင့်သစ္စာ (မင်းသုဝဏ်)
တိမ်ပျံ (အောင်ဇိုး)
သကုန္တလ (ဇော်ဂျီ)
ဗြိုဟ်စီးဗြိုဟ်နင်း (သခင်ဘသောင်း)
စွဲမိသံဝေ (သိင်္ဂီ)

မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း
၅၂၉ - ၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

" အပြစ်ကင်းစင်၊ ကြွားအမြင့်၊ မျှားလျှင်မင်္ဂလာ "

## နောက်ဆုံးထုတ် ပြည်သူ့လက်စွဲ စာစဉ်များ

**စာဆိုဦးပုည။** ။ပါရမီထူး၍ ဘုရင်၏ မြှောက်စားခြင်းကို ခံရသော စာဆို။ (အဖိုး ၂၅-ပြား)

**စေတနာရှင်။** ။ရွာသို့ ခေတ္တအပြန် ကပ်ဆိုးနှင့်တိုးသော သန်းလှ။ (အဖိုး ၂၅-ပြား)

**ရွှေနန်းကျင်။** ။အလှထူး၍ ဘုရင် ကောက်တော်မူသော ယာတောသူ။ (အဖိုး ၂၅-ပြား)

**စေတလုံးဆေးရှင်။** ။မကျွမ်းကျင်သောအလုပ်ကိုဟန်ဆောင်၍ မလုပ်သင့်။ (အဖိုး ၅၀-ပြား)

**ဓားစာခံ။** ။အင်္ဂလိပ်စာရေးဆရာကြီး ချားဒစ်ကင်း၏ " A Tale of Two Cities " ဝတ္ထုကို သိပ္ပံစိုးလှ မြန်မာပြန်သည်။ (အဖိုး ၁-ကျပ်)

ထုတ်ပြီး ပြည်သူ့ လက်စွဲစာစဉ် စာရင်းကို
အတွင်းတွင် ကြည့်ပါ။